MONREC

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၆၆ ) ရက်စွဲ။ ၂၀၂၅ ခုနှစ် ၊ မေလ ၁၂ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးကျော်ထွန်းအောင်<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Happy World Myanmar Co., Ltd.<br>အမှတ်(၇)၊ ကန်တော်မင်္ဂလာပန်းခြံ၊ ရွှေတိဂုံဘုရားလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်၊ ဘုရားကြီး ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း ၀၉-၂၆၂၈၀၃၁၉၇ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - (၇) မိုင် အပန်းဖြေစခန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်အရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ (၂၅.၀၃) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇)၊ မိုင်တိုင် ၇/ ၄၊ ငှက်ကြီးသိုက်ကျေးရွာ၊ လွန်းကောင်းကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| (ဆ) | ECC **သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၃၀-၇-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၂၉-၇-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - မန္တလေးတိုင်းဒေသကြီး၊ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏** ၉-၄-၂၀၂၄ ရက်စွဲဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) "** |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှအခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Happy World Myanmar Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လွန်းကောင်းကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇)၊ မိုင်တိုင်အမှတ် ၇/ ၄ ရှိ မြေဧရိယာ (၂၅.၀၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် (၇) မိုင် အပန်းဖြေစခန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ စီမံကိန်းအဆိုပြုသူမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လွန်းကောင်းကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇)၊ မိုင်တိုင်အမှတ် ၇/ ၄ ရှိ မြေဧရိယာ (၂၅.၀၃) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် (၇) မိုင် အပန်းဖြေစခန်း အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ရေးဆွဲတင်ပြရန် လုပ်ငန်းရှင် ဦးကျော်ထွန်းအောင်၏ ၃၁-၁၀-၂၀၁၇ ရက်စွဲပါ လျှောက်ထားတင်ပြစာဖြင့် တင်ပြလျှောက်ထားမှုအပေါ် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်၍ EMP ရေးဆွဲရန်နှင့် အတည်ပြုချက်ရရှိပါက အဆိုပါ(EMP)ပါ အစီအစဉ်များအတိုင်း တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၁-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၂/၅/၄(၀၁) (၀၉၃၄/၂၀၁၇)စာဖြင့် သဘောထားမှတ်ချက် ပြန်ကြားခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ၆၃(ဇ)(ဈ)ပါအချက်များနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာအား ပြုစုတင်ပြရန် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၈-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂/၅/၄(၀၁) (၁၂၃၃/၂၀၁၈) ပါစာဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ သဘောထားပြန်ကြားတင်ပြခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်အရ EMP ရေးဆွဲရန် လုပ်ငန်းရှင်မှ တတိယအဖွဲ့အစည်းဖြင့် ရေးဆွဲတင်ပြရန် လမ်းညွှန်ချက်အရ Myanmar Environmental Sustainable Conservation (MESC) ဖြင့် ရေးဆွဲခွင့်ပြုပါရန် ဦးအောင်ဇော်ဦး အထွေထွေမန်နေဂျာ၊ (၇)မိုင်သဘာဝကမ်းခြေ အပန်းဖြေစခန်း၊ ငှက်ကြီးသိုက်ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၏ ၃-၂-၂၀၂၀ ရက်စွဲပါတင်ပြစာဖြင့် တင်ပြလာမှုအပေါ် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေးဆွဲခွင့်ပြုကြောင်း ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁-၁၁-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇အီးအိုင်အေ (၉၃၅ /၂၀၂၂) ပါစာဖြင့် ပြန်ကြားခဲ့ပါသည်။ လုပ်ငန်းရှင် မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြလာသော EMPအား မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်ပြီး ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၆-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၁၆၂၄/၂၀၂၄) ပါစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို ၉-၁-၂၀၂၄ တွင် (၂/၂၀၂၄) ကြိမ်မြောက် ပတ်ဝန်းကျင်

စီမံခန့်ခွဲမှုအစီအစဉ်(EMP)နှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာ ဌာနတွင်းစိစစ်သုံးသပ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်ဖြ၃(ဓ)၊ ၇၆၊၇၇ပါ အချက်များနှင့်အညီ ကိုက်ညီကြောင်း စိစစ်တွေ့ရှိရပြီး အတည်ပြုနိုင်ရေး ပြည်ထောင်စုဝန်ကြီးရုံးသို့ ဆက်လက်တင်ပြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသဖြင့် အစီရင်ခံစာ(၇)စုံ ပြင်ဆင်တင်ပြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၇-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ EIA-၁/၃/သဘောထား (IEE) (၁၁၁၈/၂၀၂၄)ပါစာဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနသို့ အကြောင်းကြားခဲ့ရာ အတည်ပြုပေးနိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးနိုင်ရေး အတည်ပြုအစီရင်ခံစာ (၇)စုံအား ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၉-၄-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၁/၂၀၂၄) ပါစာဖြင့် အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးကျော်ထွန်းအောင်၊ မန်နေးဂျင်းဒါရိုက်တာ၊ Happy World Myanmar Co., Ltd.၊ အမှတ်(၇)၊ ကန်တော်မင်္ဂလာပန်းခြံ၊ ရွှေတိဂုံဘုရားလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၂၆၂၈၀၃၁၉၇ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းတွင် ဖျော်ဖြေရေးဇုန်၊ အပန်းဖြေစခန်း (၃) နေရာ၊ ကားအစီးရေ (၂၀၀) ဆံ့သည့် ကားပါကင် (၂) နေရာ၊ Workshop၊ ဝန်ထမ်းအိမ်ရာ၊ အော်ဂဲနစ်စိုက်ခင်း၊ ဧည့်ဆောင်၊ ရုံးခန်းနှင့် စတို၊ Toilet Area၊ ဥယျာဉ်၊ လူကြီးရေကူးကန်၊ ဂိမ်းဇုန် (၂) နေရာ၊ ကလေးရေကူးကန်၊ လှေနှင့် ဂျက်စကီထားသည့်နေရာ၊ စားသောက်ဆိုင်၊ View Point နှင့် အခန်း (၂၄) ခန်းပါဝင်သော Motel Zone၊ ဧည့်သည်များ အနားယူနိုင်သည့်ကမ်းခြေ၊ အခန်း (၄) ခန်း ပါဝင်သော ရေပေါ်ဟိုတယ်၊ အခန်း (၁) ခန်းပါသော ဘန်ဂလို (၁၀) လုံး တို့ပါဝင်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုဟိုတယ်စီမံကိန်းတွင် တည်ဆောက်ရေးလုပ်ငန်းအတွက် မြေကော်စက် (၁) စီး၊ Wheel Loader (၁) စီးနှင့် မြေသယ်ယာဉ် (၁) စီး၊ ရုံးလုပ်ငန်းသုံးယာဉ်ငယ် (၄) စီးနှင့် မော်တော်ဆိုင်ကယ် (၄) စီး၊ ဂိမ်းများနှင့် လျှပ်စစ်ပစ္စည်းကိရိယာများအနေဖြင့် 5D ဂိမ်းများ၊ Hi-jet Craft၊ အမြန်လှေနှင့် အပျော်စီးလှေများ ပါဝင်ကြောင်း၊ အဆိုပါအပန်းဖြေစခန်းသို့ စုစုပေါင်း (၂,၀၀၀) ဦးရေ လာရောက်လည်ပတ်နိုင်ကြောင်း၊ ရေအသုံးပြုမှုအနေဖြင့် ပေ (၁၅၀) အနက်ရှိ အဝီစိတွင်း (၂) တွင်းနှင့် မြစ်ငယ်မြစ်တို့မှ ရယူသုံးစွဲလျက်ရှိပြီး တစ်လလျှင်ရေလိုအပ်ချက်မှာ


(၁၅,၀၀၀) ဂါလန်ခန့်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်အား မဟာဓာတ်အားလိုင်းမှ 315 kVA ထရန်စဖော်မာဖြင့်ရယူသုံးစွဲပြီး တစ်လလျှင် လျှပ်စစ်လိုအပ်ချက်မှာ (၂၀,၀၀၀) ယူနစ် ဖြစ်ကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အသုံးပြုရန် အတွက် (120) KVA နှင့် (50) KVA အရန်မီးစက် (၂)လုံး အသင့်ထားရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇)၊ မိုင်တိုင် ၇/ ၄၊ ၄က်ကြီး သိုက်ကျေးရွာ၊ လွန်းကောင်းကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

Happy World Myanmar Co., Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လွန်းကောင်းကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇) မိုင်တိုင် အမှတ် ၇/ ၄ ရှိ မြေဧရိယာ (၂၅.၀၃) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် (၇) မိုင် အပန်းဖြေစခန်း၏ တည်နေရာပြမြေပုံ



Happy World Myanmar Co., Ltd.  မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊
လွန်းကောင်းကျေးရွာအုပ်စု၊ ငှက်ကြီးသိုက်ကျေးရွာအနီး၊ ဦးပိုင်အမှတ် (၁၁၊ ၁၂၊ ၂၁၊ ၃၆၊ ၄၇)
မိုင်တိုင် အမှတ် ၇/ ၄ ရှိ မြေဧရိယာ (၂၅.၀၃) ဧကတွင် အကောင်အထည်ဖော်
ဆောင်ရွက်လျက်ရှိသည့်    (၇) မိုင် အပန်းဖြေစခန်း၏ Layout plan



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက အပန်းဖြေစခန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၉-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၁/၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းတွင် ဖျော်ဖြေရေးဇုန်၊ အပန်းဖြေစခန်း (၃) နေရာ၊ ကားအစီးရေ (၂၀၀) ဆံ့သည့် ကားပါကင် (၂) နေရာ၊ Workshop၊ ဝန်ထမ်းအိမ်ရာ၊ အော်ဂဲနစ်စိုက်ခင်း၊ ဧည့်ဆောင်၊ ရုံးခန်းနှင့် စတို၊ Toilet Area၊ ဥယျာဉ်၊ လူကြီးရေကူးကန်၊ ဂိမ်းဇုန် (၂) နေရာ၊ ကလေးရေကူးကန်၊ လှေနှင့် ဂျက်စကီ ထားသည့် နေရာ၊ စားသောက်ဆိုင်၊ View Point နှင့် အခန်း (၂၄) ခန်းပါဝင်သော Motel Zone၊ ဧည့်သည်များ အနားယူနိုင်သည့်ကမ်းခြေ၊ အခန်း (၄) ခန်းပါဝင်သော ရေပေါ်ဟိုတယ်၊ အခန်း (၁) ခန်းပါသော ဘန်ဂလို (၁၀) လုံး တို့ပါဝင်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်ထွက်ရှိမှုများလျော့နည်းစေရေးအတွက် ပန်းခြံဧရိယာတစ်ခုလုံးအား ကွန်ကရစ်ကြမ်းခင်းရန်နှင့် အချို့နေရာများတွင် မြက်ခင်းများ စိုက်ပျိုးရန်၊

(၂) စွန့်ပစ်အမှိုက်များနှင့် ပျက်စီးသည့်အရာများအား မီးရှို့ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) မီးခိုးထုတ်လွှတ်မှုနည်းသည့် စက်ပစ္စည်းကိရိယာများနှင့် ယာဉ်များအား ဝယ်ယူ အသုံးပြုရန်နှင့် စက်ဆီချောဆီများကိုလည်း လုံလောက်စွာအသုံးပြုရန်၊

(၄) အသုံးပြုစက်ပစ္စည်းများနှင့် ယာဉ်များအား ဆာလဖာပါဝင်မှုနည်းသော လောင်စာဆီကိုသာ ရွေးချယ်အသုံးပြုရန်၊

(၅) ဖုန်မှုန့်လျှော့ချနိုင်ရေးအတွက် လိုအပ်လျှင် ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၆) လိုအပ်ပါက ဝန်ထမ်းများအား တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများ PPEs ထောက်ပံ့ပေးရန်၊

(၇) လိုအပ်ပါက ပုံမှန်စစ်ဆေးမှုများပြုလုပ်နိုင်ရေးအတွက် Hire Technicians ငှားရမ်း၍ စောင့်ကြပ်ကြည့်ရှုမှုများဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေပြုန်းတီးမှုမရှိစေရန် ရေအသုံးပြုမှုအား လိုအပ်သောပမာဏကိုသာ လျှော့ချအသုံးပြုရန်၊

(၂) Domestic Waste Water နှင့် Storm Water များအား စွန့်ပစ်ရေနုတ်မြောင်းတွင်သာ စွန့်ပစ်မည်ဖြစ်ကြောင်းနှင့် မြစ်ငယ်မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရန်၊

(၃) ပန်းခြံမှ အသုံးပြုရေများအား စီမံကိန်း၏အရှေ့မြောက်ဘက်ရှိ စွန့်ပစ်ရေကန် (၂) ကန်သို့ စွန့်ပစ်ရန်၊

(၄) ရေကူးကန်ရှိရေအား သတ်မှတ်ချိန်အတိုင်း လဲလှယ်မည်ဖြစ်ကြောင်းနှင့် မစွန့်ပစ်မီ ကလိုရင်းအပျော့စားအသုံးပြု၍ Treatment ပြုလုပ်ပြီးမှသာ စွန့်ပစ်ရန်၊

(၅) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ (၆) လ (၁) ကြိမ် Hire Technicians ငှားရမ်း၍ စောင့်ကြပ်ကြည့်ရှုရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထုတ်လွှတ်မှုနည်းသော၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စက်ယန္တရားများကိုသာ ရွေးချယ်အသုံးပြုမည်ဖြစ်ကြောင်း၊

(၂) ဆူညံသံ/ တုန်ခါမှုလျှော့ချနိုင်ရေးအတွက် ယာဉ်သွားလာမှုကို လျှော့ချအသုံးပြုရန်နှင့် ပန်းခြံအား ညအချိန်တွင် ပိတ်ထားရန်၊

(၃) အသုံးပြုယာဉ်များနှင့် စက်ယန္တရားများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်နှင့် စက်ဆီချောဆီများအား လိုအပ်သလိုအသုံးပြုရန်၊

(၄) စီမံကိန်းဧရိယာအတွင်းသို့ လာရောက်လည်ပတ်သူများနှင့် ဧည့်သည်များမှ ဆူညံသံထွက်ရှိမှုများအား တတ်နိုင်သ၍ထိန်းသိမ်းလျှော့ချရန်။

(စ) **စွန့်ပစ်ပစ္စည်းအစိုင်အခဲ စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်စွန့်ပစ်ရန်မသင့်လျော်သည့်နေရာများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန်၊

(၂) ပြန်လည်အသုံးပြုနိုင်သည့်စွန့်ပစ်ပစ္စည်းများနှင့် အသုံးမပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများအား ခွဲခြားစွန့်ပစ်ရန်နှင့် အမှိုက်ပုံးများလုံလောက်စွာထားရှိရန်၊

(၃) ပန်းခြံအားနေ့စဉ်သန့်ရှင်းရေးပြုလုပ်ရန်နှင့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ လစဉ်စောင့်ကြပ်ကြည့်ရှုရန်၊

(၄) အသုံးပြုပြီးသော စက်ဆီ၊ အင်ဂျင်ဆီများအား ပြန်လည်အသုံးပြုသူများအား ပေးဝေရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအတွက် ဘေးအန္တရာယ်ကင်းပြီးလုံခြုံသည့် လုပ်ငန်းခွင်ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းအိမ်ရာများနှင့် စားသောက်ဆောင်များအား သီးသန့်သတ်မှတ်ပေးထားရန်၊

(၃) အရေးပေါ်ထွက်ပေါက်များ စီစဉ်ထားရန်၊

(၄) လိုအပ်သောနေရာများတွင် ဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများ PPEs ထောက်ပံ့ပေးရန်၊

(၅) အရေးပေါ်အခြေအနေဖြစ်ပွားပါက နီးစပ်ရာဆေးရုံ/ ဆေးခန်းသို့ ပို့ဆောင်ပေးရန်၊

(၆) ဝန်ထမ်းများအား နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပင်များနှင့် တိရစ္ဆာန်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်၊

(၂) သစ်တောများနှင့် သစ်ပင်များအား လိုအပ်ချက်ထက်ပို၍ ခုတ်ထွင်ရှင်းလင်းခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) စီမံကိန်းအတွင်း မူလရှိနေပြီးသောသစ်ပင်ကြီးများအား ဆက်လက်ထိန်းသိမ်းရန်၊

(၄) ရေနေသက်ရှိဂေဟစနစ်ကို မထိခိုက်စေရန် စီမံကိန်းအတွင်းအသုံးပြုမည့်ရေကို အနည်းဆုံးသာအသုံးပြုရန်၊

(၅) ရေနေသက်ရှိဂေဟစနစ်ကို မထိခိုက်စေရေးအတွက် စွန့်ပစ်ရေကို သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်မကိုက်စစ်ဆေးပြီး ကိုက်ညီမှသာ စွန့်ပစ်ရန်၊

(၆) စီမံကိန်းဧရိယာအတွင်း လစ်လပ်သည့်မြေနေရာများတွင် ပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်၊ ပန်းပင်များ ပြန်လည်စိုက်ပျိုးရန်။

(ဈ) **ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပန်းခြံသို့လာရောက်လည်ပတ်သောဧည့်သည်များနှင့် ကလေးများအတွက် ဘေးကင်းလုံခြုံစွာ ပျော်ရွှင်ဖွယ်ပန်းခြံဖြစ်စေနိုင်ရေး ဆောင်ရွက်ရန်၊

(၂) အတွေ့အကြုံရှိသော လေ့ကျင့်ရေးဆရာများ၊ နည်းပြဆရာများ၊ အသက်ကယ်အစောင့်များအား ကစားရုံများနှင့် ရေကူးကန်များတွင် လုံလောက်စွာ ခန့်ထားရန်၊

(၃) အခြေခံဝန်ထမ်းများကိုလည်း ကြက်ခြေနီသင်တန်းများ၊ မီးငြိမ်းသတ်ရေးနှင့် ရှေးဦးသူနာပြုသင်တန်းများအား ပို့ချသင်ကြားပေးထားရန်၊

(၄) ပန်းခြံသို့ မူးယစ်ရမ်းကားသူများမလည်ပတ်စေရေး တားမြစ်ရန်၊

(၅) မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများနှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးရန်၊

(၆) မီးသတ်ဦးစီးဌာန၊ အရေးပေါ်ဝန်ဆောင်မှု၊ ကြက်ခြေနီအသင်း၊ ဆေးရုံနှင့် ရဲစခန်းစသည့် ဆက်သွယ်ရမည့် အရေးပေါ်ဖုန်းနံပါတ်များကို မြင်သာသည့်နေရာတွင် ထားရှိရန်၊

(၇) မီးအချက်ပေးစနစ်၊ ရှာဖွေရေးစနစ်၊ အခြားအချက်ပေးစနစ်များနှင့် ထိန်းချုပ်မှုစနစ်များ တပ်ဆင်ထားရန်၊

(၈) မီးဘေးနှင့် ရေဘေးနှင့်ပတ်သက်၍ ဝန်ထမ်းများအားလုံးအတွက် အာမခံချက်များထားရှိရန်။

(ည) **ယာဉ်အန္တရာယ်ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပန်းခြံသို့ လာရောက်လည်ပတ်သည့်ဧည့်သည်များအတွက် လုံလောက်သောကားပါကင်ထားရှိရန်နှင့် ကားပါကင်တွင် အစောင့်ဝန်ထမ်း(၂) ဦးထားရှိရန်၊

(၂) ပန်းခြံအဝင်လမ်းတွင် အမြန်နှုန်းကန့်သတ်ချက်အတွက် ဆိုင်းဘုတ်များမြင်သာအောင် တပ်ဆင်ထားရန်၊

(၃) လုပ်ငန်းခွင်ယာဉ်မောင်းများအား ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးများ ဆောင်ရွက်ရန်။

(ဠ) အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ဖုန်သတ်မှတ်ခြင်း၊ ရေလွှမ်းမိုးမှု ကာကွယ်ရေး၊ နေရာရွှေ့ပြောင်းခြင်း၊ သဘာဝဘေးအန္တရာယ်သတိပေး စနစ်များတပ်ဆင်ခြင်း သို့မဟုတ် အရေးပေါ်တုံ့ပြန်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဩ) **လုပ်ငန်းလည်ပတ်ခြင်းအဆင့်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား စီမံကိန်းဧရိယာအတွင်း (21° 45' 33.3" N 96° 18' 32.65" E) ၌ $SO_2$, $NO_2$, $CO_2$, $PM_2$, $PM_{2.5,}$ $O_3$ စသည့် parameter များကို တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာပြီး ရန်ပုံငွေအနေဖြင့် တစ်နှစ်လျှင် ကျပ် (၁,၇၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၂) မြေပေါ်ရေအရည်အသွေးအား မြစ်ငယ်မြစ်၏ (21° 45' 36.6" N 96° 18' 42.9" E) နှင့် မြေအောက်ရေအရည်အသွေးအား (21° 45' 42.3" N 96° 18' 49.4" E) အဝီစိတွင်း တို့၌ pH, colour, iron, sulphate, chlorine, nitrate, turbidity, manganese, TDS, arsenic, total coliforms စသည့် parameter များကို တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာပြီး ရန်ပုံငွေအနေဖြင့် တစ်နှစ်လျှင် ကျပ် (၈၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၃) စွန့်ထုတ်အရည်အသွေးအား ရေဆိုးသန့်စင်စနစ်သို့ ဝင်ရောက်သည့် လမ်းကြောင်းနှင့် စွန့်ထုတ်သည့်လမ်းကြောင်း (21° 45' 36.8" N 96° 18' 50.1" E) ၌ COD, BOD, pH, $PO_4$, $NO_3$, TSS, oil & grease, TCB စသည့် parameter များကို တိုင်းတာပြီး တစ်နှစ်လျှင် (၂) ကြိမ်တိုင်းတာပြီး ရန်ပုံငွေ အနေဖြင့် တစ်နှစ်လျှင် ကျပ်(၈၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၄) ဆူညံသံအား စီမံကိန်းဧရိယာအတွင်း (21° 45' 33.3" N 96° 18' 50.6" E) ၌ ဆူညံသံအား လျှော့ချရန် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုပြီး ရန်ပုံငွေ အနေဖြင့် တစ်နှစ်လျှင် ကျပ်(၇၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၅) စွန့်ပစ်ပစ္စည်းအား စီမံကိန်းအတွင်းရှိ အမှိုက်ပုံးများ၊ စွန့်ပစ်အမှိုက်ယာယီ သိုလှောင်သည့်နေရာတွင် အပတ်စဉ် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပြီး လျာထားရန်ပုံငွေအနေဖြင့် EMP Cell Leader နှင့် EMP Cell Members များမှ အကုန်အကျခံရန်၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ နေ့စဉ်

စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေအနေဖြင့် ကျပ်(၃,၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၇) ယာဉ်လမ်းကြောင်းပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ပန်းခြံအဝင်ဝနှင့် ကားပါကင်တို့တွင် နေ့စဉ်စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး လျာထားရန်ပုံငွေအနေဖြင့် EMP Cell Leader နှင့် EMP Cell Members များမှ အကုန်အကျခံရန်၊

(၈) အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ နေ့စဉ်စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ပြီး ရန်ပုံငွေအနေဖြင့် ကျပ်(၁,၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်။

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အား ၁၅-၁၂-၂၀၁၉ ရက်နေ့တွင် ငှက်ကြီးသိုက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ပြီး လူဦးရေစုစုပေါင်း (၄၇) ဦးတက်ရောက်ခဲ့ကြောင်း၊ လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ (CSR) အတွက် နှစ်စဉ်အမြတ်ငွေ၏ (၂) ရာခိုင်နှုန်းအား ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအပေါ် ကူညီပံ့ပိုးမှုများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် သုံးစွဲရန်မလုံလောက်ပါက ဖြည့်စွက်ရန်စီစဉ်ထားကြောင်း ဖော်ပြထားပါသည်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ် ကျပ်(၂၅,၀၀၀,၀၀၀) အား စီမံကိန်းကာလနှစ် (၃၀) အတွက် လျာထားသုံးစွဲမည်ဖြစ်ကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နှစ်စဉ် အမြတ်ငွေ၏ ၂ % သုံးစွဲသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေသော၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့ကျစေသော ထုတ်လုပ်မှုနည်းပညာများ၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိနိုင်သော ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ယာဉ်၊ ယန္တရားအမျိုးအစားအလိုက် လစဉ်သုံးစွဲမှုခန့်မှန်းချက် ထည့်သွင်းပြုစုရန်၊ GHGs အထူးသဖြင့် $CO_2$ စုပ်ယူဖယ်ထုတ်နိုင်မည့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်များ ရေးဆွဲပြုစုဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး၊ ပျက်စီးဆုံးရှုံးမှုလျော့ချနိုင်ရေးအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စိမ့် ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်း

နှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့်ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့်အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းစွာစွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်မည် လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် သစ်ပင်များခုတ်လှဲခြင်း၊ ရှင်းလင်းခြင်းအတွက်ကာမိစေရန် ဒေသနှင့်ကိုက်ညီသော အကြီးမြန်သစ်ပင်များအား ရှင်သန်ကြီးထွားအောင် စိုက်ပျိုးရမည်။

(ဃ) **အထွေထွေစည်းကမ်းချက်များ။** အထွေထွေစည်းကမ်းချက်များ နှင့်စပ်လျဉ်း၍

အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေချွေတာသုံးစွဲရန်နှင့် မိုးရေစုဆောင်း အသုံးပြုခြင်းများဆောင်ရွက်ရန်၊

(၂) မြေအသုံးချမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်များ ရယူဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝများ ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း ရေးတို့ကို တစ်နှစ်လျှင် (၂) ကြိမ် ဆောင်ရွက်ရမည်၊

(၂) ကျန်းမာရေးစစ်ဆေးပေးခြင်းအား တစ်နှစ်လျှင် (၂) ကြိမ် ဆောင်ရွက်ရန်၊ ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းများ ထားရှိရန်နှင့် လိုအပ်သော ပြုစုကုသမှု များကို ဆောင်ရွက်ရမည်၊

(၃) ဓာတုပစ္စည်းများကိုင်တွယ်အသုံးပြုခြင်း နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း နှင့်သင်တန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်၊

(၄) ဓာတုပစ္စည်းများထားသိုမည့် သီးသန့်အခန်းကိုစီစဉ်ခြင်းနှင့် စက်ရုံအတွင်း၌ ဘေးအန္တရာယ်ရှိကြောင်း ဖော်ပြချက်ရေးသားထားသော သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ဓာတုပစ္စည်းများအန္တရာယ်ကင်းရှင်းရေး စီမံချက်များကို ရေးဆွဲ၍ စီမံဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်း အတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ် /မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု

သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေးခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန် တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာ များကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်း ခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက် ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ

ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကိုလိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်း ခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက် မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ် ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---